အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) အတွင်း၌ အကြောင်းချင်းရာကိစ္စရပ်များကို တိကျမှန်ကန်စွာ စီမံခန့်ခွဲလုပ်ဆောင်ရေးနှင့်ပက်သက်၍ အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ရုံး၏ သဘောထားထုတ်ပြန်ကြေညာချက်

---

အခြေခံပညာရေးကော်မတီ (OBEC) ရုံးအနေဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ (BE ၂၅၅၇) နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုရှိသည့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာစေရေးကို အားပေးမြှင့်တင်သော ဝန်ကြီးချုပ် ပရာယု ချန်အိုချာ၏ ကိုယ်ကျင့်တရားနှင့် ပွင့်လင်းမြင်သာမှုရှိသော စီမံခန့်ခွဲမှုကို လေးစားတန်ဖိုးထားလိုက်နာကျင့်သုံးခဲ့ပါသည်။ အရပ်သားဝန်ထမ်းများဆိုင်ရာကျင့်ဝတ် (Civil Service Code of Ethics BE ၂၅၅၂) အရသော်လည်းကောင်း။ OBEC အရပ်သားအမှုထမ်းများဆိုင်ရာကျင့်ဝတ် (BE ၂၅၅၂) နှင့် စပ်လျဉ်းသော OBEC ၏ လမ်းညွှန်ချက်များအရသော်လည်းကောင်း။ OBEC အရပ်သားဝန်ထမ်းများဆိုင်ရာ ကျင့်ဝတ်များအရသော်လည်းကောင်း။ အမျိုးသားဆိုင်ရာ အကျင့်ပက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင် (NACC) နှင့် ပြည်သူ့လူထုအတွင်း အကျင့်ပျက်ခြစားမှု ကာကွယ်တားဆီးရေးရုံး (PACC) ၏ ဂုဏ်သိက္ခာနှင့် ပွင့်လင်းမြင်သာသော စစ်ဆေးသုံးသပ်အကဲဖြတ်မှု (ITA) အရသော်လည်းကောင်း။ ပြည်သူ့လူထုအတွင်း အကျင့်ပျက်ခြစားမှုနှင့် မလျော်ကန်သော အပြုအမူများကို ကာကွယ်တားဆီးရန်ကိုလည်း အားပေးတိုက်တွန်းပါသည်။

အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) အနေဖြင့် ပြည်သူ့လူထုအတွင်း အကျင့်ပျက်ခြစားမှုနှင့် မလျော်ကန်သောအပြုအမူများကို ကာကွယ်တားဆီးနိုင်ရန် (၂၀၁၅-၂၀၁၈) ခုနှစ်အတွက် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို လေ့လာသုံးသပ်ပြင်ဆင်ရေးဆွဲခဲ့ပါသည်။ အစီအစဉ်တွင် ပါဝင်သည့် အကြောင်းအရာများမှာ ပွင့်လင်းမြင်သာမှု၊ ဝန်ခံချက်ပေးရန် အဆင်သင့်ဖြစ်ခြင်းနှင့် ဌာနအတွင်းဆက်သွယ်ပြောဆိုမှုတို့ဖြစ်သည်။ ရုံးအနေဖြင့် ပြည်သူ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၏ အပြုအမူများသည် လူမှုအသိုင်းအဝိုင်းအတွင်းရှိသူများအတွက် ယုံကြည်စိတ်ချရ၍ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်သည့် အပြုအမူများဖြစ်သင့်သည်ဟု ယုံကြည်ထားပါသည်။ ပြည်သူ့ဝန်ထမ်းများအားလုံးအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဂုဏ်ယူစွာ လုပ်ကိုင်သွားကြခြင်းဖြင့် မိမိတို့၏ ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းများနှင့် အပြုအမူများကို သင့်တော်သလို တိုးတက်အောင် ဆောင်ရွက်သွားကြမည်ဟု မျှော်လင့်ထားပါသည်။

အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ဒါရိုက်တာဖြစ်သော ကျွန်ုပ်အနေဖြင့် ကျွန်ုပ်လက်အောက်ရှိ ဝန်ထမ်းများနှင့် အကြီးအကဲများသည် မိမိတို့၏ တာဝန်နှင့် ဝတ္တရားများကို ကိုယ်ကျင့်တရားကောင်းမွန်စွာ၊ ပွင့်လင်းရိုးသားစွာ၊ ကျွမ်းကျင်ပိုင်နိုင်စွာနှင့် ထိရောက်စွာ လုပ်ဆောင်သွားကြရန် တိုက်တွန်းလိုပါသည်။ ကျွန်ုပ်၏ ရုံးအနေဖြင့် တစ်မျိုးသားလုံး၏ အကျိုးကျေးဇူးအတွက် မြှင့်တင်လုပ်ဆောင်ပေးရန် အဆင်သင့်ဖြစ်နေ

ပြီး ကျွန်ုပ်တို့၏ ဝန်ဆောင်မှုလုပ်ငန်းများအတွင်း တရားမျှတမှုနှင့် သာတူညီမျှရှိမှုကို လူအများမှ အပြလက်ခံရရှိနိုင်မည်ကို သေချာစေရန် လုပ်ဆောင်ပေးမည်ဖြစ်ပါသည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများအပေါ် ဝန်ခံကတိပြုလိုသည်မှာ ကျွန်ုပ်သည် အစိုးရအတွင်း ဖြစ်ပေါ်နေသော အကျင့်ပျက်ခြစားမှုကို ကာကွယ်တားဆီးသည့် တာဝန်များကို ထမ်းဆောင်သွားပါမည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ တာဝန်နှင့် ဝတ္တရားများကို ကောင်းမွန်စွာ သိရှိနားလည်ပြီး ယင်းတာဝန်ဝတ္တရားများကို ကျွန်ုပ်၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ရိုးသားဖြောင့်မတ်စွာဖြင့် ကန့်သတ်ထိန်းချုပ်၍လည်းကောင်း၊ အမှားအမှန်ခွဲခြားသိရှိ၍ လုပ်ဆောင်သွားခြင်းဖြင့် ကျွန်ုပ်၏ လုပ်ငန်းအတွင်း နစ်နာဆုံးရှုံးမှုများမရှိစေပဲ အများဆုံးသော အကျိုးကျေးဇူးကို ရရှိနိုင်ရန် ဆောင်ရွက်သွားပါမည်။ ကျွန်ုပ်သည် ကောင်းမွန်သော စီမံအုပ်ချုပ်ခန့်ခွဲမှုကို ထိန်းသိမ်းသွားမည်ဖြစ်ပြီး ပြည်သူလူထုများ၏ အများဆုံးသော အကျိုးကျေးဇူးအတွက် မည်သည့် အကျင့်ပျက်ခြစားမှုမျိုးကိုမဆို ခိုင်မာစွာ ပယ်ဖျက်နှိမ်နင်းသွားမည်ဖြစ် သည်။

ယင်းကဲ့သို့ဖြစ်မြောက်အောင်မြင်နိုင်ရန်အတွက် အောက်ဖော်ပြပါ အချက်များကို လုပ်ဆောင်သွားမည်ဖြစ်သည်။

၁။ ကျွန်ုပ်၏ တာဝန်များကို ချမှတ်ထားသည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း တိကျပြတ်သားပြည့်စုံစွာ လိုက်နာဆောင်ရွက်သွားပါမည်။ ကျွန်ုပ်၏ လက်အောက်အကြီးအကဲများကိုလည်း ထိုကဲ့သို့ပင် လုပ်ဆောင်ရန် တိုက်တွန်းပါမည်။

၂။ အကျင့်ပျက်ခြစားမှုကို ကာကွယ်တားဆီးသည့် အသိပညာနှင့် တန်ဖိုးကို မွေးမြူလေ့ကျင့်ပေးပါမည်။ ကိုယ်ကျင့်တရားဆိုင်ရာ အသိတရားကို တည်ဆောက်ပေးရန်နှင့် ရုံးအတွင်း အကျင့်ပျက်ခြစားမှုကို တားဆီးကာ ကွယ်ပေးရန်အတွက် မိမိ တစ်ဦးတည်းကောင်းကျိုးနှင့် အများကောင်းကျိုး မည်ကဲ့သို့ ခွဲခြားရမည်ဆိုသည်ကို သိရှိစေပါ မည်။

၃။ အကျင့်ပျက်ပြားသော အပြုအမူများကို လက်မခံပဲ လူမှုရေးအရ အရေးယူအပြစ်ပေးခြင်းသို့ဖြစ်ပေါ်စေမည့် မရိုးသား မဖြောင့်မတ်မှုများကို သည်းမခံခြင်းဖြင့် အမှတ် (၁) တာ့ခ်ရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ရုံးအရာရှိများအနေဖြင့် အကျင့်ပျက်မှုများတွင် ပါဝင်ပက်သက်ရန် ရှက်ရွံ့ နေမည်ဖြစ်သည်။

၄။ ရုံး၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်ရှိ ကျောင်းသူကျောင်းသားများအတွင်း အကျင့်ပျက်ခြစားမှု၏ ပျက်ဆီးနိုင်မှု အကျိုးဆက်နှင့် အကျင့်ပျက်ခြစားမှုကို မည်ကဲ့သို့ တားဆီးရမည့်အကြောင်း အသိပညာပေးပါမည်။

၅။ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သော လမ်းညွှန်ချက်များနှင့် လုပ်ဆောင်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

၅.၁။ အမျိုးသားဆိုင်ရာ အကျင့်ပျက်ခြစားမှု နည်းဗျူဟာအဆင့် ၃ (BE ၂၅၆၀-၂၅၆၄) ကို အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ပူးပေါင်းပါဝင်ချိတ်ဆက်လုပ်ဆောင်ခြင်း။

၅.၂။ OBEC အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေရုံးနှင့် ရုံး၏ စောင့်ရှောက်မှုအောက်ရှိ ကျောင်းများအတူတကွ ပူးပေါင်းပါဝင်၍ ကွန်ယက်ချိတ်ဆက်ကာ အကျင့်ပျက်ခြစားမှုကို ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း။

၅.၃။ ရုံးအတွင်းရှိ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် စီမံခန့်ခွဲသူများအကြား ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပက်သက်သော အသိပညာပေးခြင်းဖြင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလှုံ့ဆော်မှုတွင် အားလုံးပါဝင်လာစေခြင်းနှင့် အကျင့်ပျက်ခြစားမှု တားဆီးတိုက်ဖျက်ရေးဆိုင်ရာ ကွန်ယက်ချိတ်ဆက်လုပ်ဆောင်မှုတွင် ပူးပေါင်းပါဝင်လာစေခြင်း။

၅.၄။ အကျင့်ဖျက်ခြစားမှုတားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာကွန်ယက်ကို အထောက်အကူပြုသည့် ဆက်သွယ်ပြောဆိုခြင်း၊ ပုံနှိပ်ဖြန့်ဝေခြင်းနှင့် လူမှုဆက်ဆံရေးဆိုင်ရာ ရုပ်သံလိုင်းများကို ဖွံ့စည်းခြင်း။

၅.၅။ ဖော်ပြပါလုပ်ငန်းများနှင့်ပက်သက်သော အကြံဉာဏ်များ၊ ထင်မြင်ယူဆချက်များပေးခြင်းနှင့် စောင့်ကြပ်စစ်ဆေး အကဲဖြတ်ခြင်းများ လုပ်ဆောင်ခြင်း။

၅.၆။ အကျင့်ပျက်ခြစားမှု တားဆီးထိန်းချုပ်ရေးနှင့် ပက်သက်သော အခြားလုပ်ဆောင်ချက်များကို ပြည့်ဝစွာတာဝန်ခံခြင်း။

ကျွန်ုပ်အနေဖြင့် အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ၏ ဆောင်ပုဒ်ဖြစ်သော " ပွင့်လင်းမြင်သာ၊ အကျင့်ပျက်ခြစားမှုကို ဆန့်ကျင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သည့် TAK 1 " နှင့်အညီ ပွင့်လင်းမြင်သာမှုရှိသော၊ အတည်ပြုနိုင်သော အစိုးရအဖွဲ့ အစည်းတစ်ခုဖြစ်ကြောင်း ထောက်ခံအပ်ပါသည်။

၂၉ ရက် မတ် လ ၂၀၁၈ (BE ၂၅၆၁) ခုနှစ်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

မနီဒါး အဒိစိုင်စကွန်း

ဒါရိုက်တာ

အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1)

## အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1)၏ ကိုယ်ကျင့်တရားနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာမူဝါဒနှင့် ပတ်သက်ပြီး အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ရုံး၏ သဘောထားထုတ်ပြန်ကြေညာချက်

အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1)သည် ကောင်းမွန်သော စီမံခန့်ခွဲမှုဆိုင်ရာစံနှုန်းနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ တော်ဝင်အမှတ်ဥပဒေ (BE ၂၅၅၆) (၂၀၁၃) အရလည်းကောင်း။ ၁၂ ကြိမ်မြောက် စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်း (BE ၂၅၆၀-၂၅၆၄) (၂၀၁၇-၂၀၂၁) အရလည်းကောင်း။ အမျိုးသားဆိုင်ရာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနည်းဗျူဟာ အဆင့် (၃) (BE ၂၅၆၀-၂၅၆၄) (၂၀၁၇-၂၀၂၁) အရလည်းကောင်း။ ဝန်ကြီးချုပ် ပရာယု ချန်အိုချာမှ စက်တင်ဘာလ ၁၂ ရက်နေ့ (BE ၂၅၅၇) (၂၀၁၄) တွင် အမျိုးသား ဥပဒေပြုလွှတ်တော်၌ ထုတ်ပြန်ကြေညာသည့် အစိုးရအဖွဲ့၏ မူဝါဒများအပြင်ပြင်လာကွက ၁၁ ရပ်အရသော် လည်းကောင်း။ ကောင်းမွန်သော စီမံအုပ်ချုပ်မှုတစ်ရပ်ကို ဦးစားပေးလုပ်ဆောင်ခဲ့ပါသည်။ အစိုးရအဖွဲ့၏ မူဝါဒများတွင် ကောင်းမွန်သော စီမံခန့်ခွဲမှုကို မြှင့်တင်ပေးသော မူဝါဒများ။ အစိုးရအတွင်းအကျင့်ပျက်ခြစားမှုနှင့် မလျော်ကန်သော အပြုအမူများကို ကာကွယ်တားဆီးတိုက်ဖျက်ရေး ဖျူရိုကရေစီစနစ်အတွင်း ယုံကြည်စိတ်ချမှုနှင့် ယုံကြည်အားကိုးမှုတို့ကို တည်ဆောက်ပေးမည့် ကောင်းမွန်သော စီမံခန့်ခွဲမှုများနှင့် ကိုယ်ကျင့်တရားကို မြှင့်တင်ပေးသောနည်းလမ်းများစသည့်တို့ ပါဝင်ပါသည်။

အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ၏ ဒါရိုက်တာအနေဖြင့် ကျွန်ုပ်သည် အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) အတွင်းရှိ ပြည်သူ့ ဝန်ထမ်းများနှင့် အရာရှိများအား မိမိတို့၏ တာဝန်များကို ကျင့်ဝတ်သိက္ခာနှင့်အညီ ပွင့်လင်းရိုးသားစွာ အကျင့်ပျက်မှုမရှိစေပဲ လုပ်ဆောင်သွားစေရန် အားပေးတိုက်တွန်း။ စီမံခန့်ခွဲလုပ်ဆောင်သွားပါမည်ဟု ဝန်ခံကတိပြုပါသည်။ ဤရည်မှန်းချက် ပန်းတိုင် အောင်မြင်ရရှိစေရန်အတွက် စီမံခန့်ခွဲအုပ်ချုပ်မှုအတွင်း စင်ကြယ်သော အကျင့်သီလနှင့် ပွင့်လင်းရိုးသားမှုကို တည်ဆောက်ပေးမည့် အောက်ပါအချက် ၆ ချက်ပါ လမ်းညွှန်ချက်များကို ရေးဆွဲပြင်ဆင်ခဲ့ပါသည်။ ဤနည်းအားဖြင့် ပြည်သူလူထုများ။ ဝန်ဆောင်မှုကို ခံယူမည့်သူများနှင့် အစုရှယ်ယာပါဝင်သူများအနေဖြင့် အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ၏ စီမံခန့်ခွဲအုပ်ချုပ်မှုအပေါ် စိတ်ချယုံကြည်နိုင်ကြမည်ဖြစ်ပါသည်။

၁။ ပွင့်လင်းရိုးသားမှု - ပြည်သူလူထု၊ ဝန်ဆောင်မှုကို ခံယူမည့်သူများနှင့် အစုရှယ်ယာပါဝင်သူများသည် အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1)နှင့် ပတ်သက်သော အကြောင်းအရာသတင်းအချက်အလက်များကို ရွေးချယ်သတ်မှတ်ထားသော ရုပ်မြင်သံကြားလိုင်းမှတစ်ဆင့် အဆင်ပြေချောမွေ့စွာ သိရှိနိုင်ကြမည်ဖြစ်သည်။ စိစစ်အတည်ပြုနိုင်သော သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုမည်ဖြစ်ပြီး ဤနည်းအားဖြင့် အစုရှယ်ယာပါဝင်သူများအနေဖြင့် အမှတ် (၁) တာ့ခ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ၏ စီမံခန့်ခွဲမှုအတွင်း သင့်လျော်သလိုပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် တိုင်ကြားချက်များကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သည့် နည်းစနစ်တစ်ခုလည်း ရှိလာမည်ဖြစ်သည်။

လင်းရိုးသား မှုဆိုင်ရာ မူဝါဒများကို အသိပညာပေး၍ ယင်းမူဝါဒများကို အကောင်အထည်ဖော်ဆောင်နိုင်ရန် မြှင့်တင်ပေးသွားရမည်။

(၂)။ ကိုယ်ကျင့်တရားနှင့် ပွင့်လင်းရိုးသားမှုဆိုင်ရာ မူဝါဒ ၅ ချက်ကို e-sarabun, သတင်းစာများနှင့် အမှတ် (၁) တာ့ခ်ရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ၏ ဝက်ဆိုဒ်ဖြစ်သော www.takeso1.go.th မှတစ်ဆင့် ဆက်သွယ်ဖြန့် ဝေပေးသွားရမည်။

၂၉ ရက် မတ် လ ၂၀၁၈ (BE ၂၅၆၁) ခုနှစ်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

မန်ဒါး အဒိစိုင်စကွန်း

ဒါရိုက်တာ

အမှတ် (၁) တာ့ခ်ရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1)

၄။ ဌာနတွင်းဆိုင်ရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ကျင့်ဝတ်များ - အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) အတွင်း ရိုးဖြောင့်သော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ရှုမှတ်ခြင်းဖြင့် ပြည်သူ့ဝန်ထမ်းများနှင့် အရာရှိများအနေဖြင့် အကျင့်ပျက်သော အပြုအမူများကို သည်းမခံပဲ အကျင့်ပျက်ခြစားမှုများတွင် ပါဝင်ပက်သတ်ရန် ရှက်ရွံ့ မှုဖြစ်စေခြင်း။

လက်တွေ့ကျသော လမ်းညွှန်ချက်များ

(၁)။ အကျိုးသက်ရောက်မှုရှိ၍ ကျွမ်းကျင်ပိုင်နိုင်သော၊ ပွင့်လင်းသော စီမံခန့်ခွဲမှုပုံစံကို မြှင့်တင်ပေးရန်အတွက် အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ၏ စီမံခန့်ခွဲအုပ်ချုပ်မှုကို စောင့်ကြည့်စစ်ဆေးခြင်း။

(၂)။ မည်သည့်အဆင့်နေရာတွင်မဆိုရှိသည့် ပြည်သူ့ဝန်ထမ်းများ၊ အရာရှိများအား ကွဲပြားဆန့်ကျင်သော လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အသိပညာပေးခြင်းဖြင့် အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ရှိ သူများအားလုံး အတ္တဟိတနှင့်ပရဟိတ္တကို ခွဲခြားသိမြင်နိုင်စေရန်။

၅။ လုပ်ငန်းခွင်အတွင်း ကျင့်ဝတ်များ၊ ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် ကျင့်ဝတ်များရှိသည့် အုပ်ချုပ်မှု။

လက်တွေ့ကျသော လမ်းညွှန်ချက်များ

(၁)။ လူ့ကျင့်ဝတ်နှင့်အညီ ကောင်းသောစီမံခန့်ခွဲမှုနှင့် ပွင့်လင်းသော အုပ်ချုပ်မှုပုံစံရှိသည့် လုပ်ငန်းခွင်။

(၂)။ တန်ဖိုးဖြတ်မှုနှင့် အတည်ပြုနိုင်မှုတို့အပေါ် အခြေပြု၍ နည်းစနစ်ကျသည့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကို ဆုပ်ကိုင်ထားရှိခြင်း။

(၃)။ ခွဲခြားဆက်ဆံမှုမရှိပဲ အလုပ်တာဝန်များကို ညီညွတ်မျှတစွာ ခွဲဝေပေးမှုကို အလေးထားခြင်း။

(၄)။ သင့်လျော်ကောင်းမွန်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းနှင့်အတူ ပြည်သူ့ဝန်ထမ်းများ၊ အရာရှိများအကြား အကျိုးသက်ရောက်မှုရှိသည့် လုပ်ဆောင်ချက်များဖြစ်ပေါ်လာစေရန် အားပေးတိုက်တွန်းခြင်း။

၆။ ဌာနအတွင်း အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု - ပြည်သူ့ဝန်ထမ်းများ၊ အရာရှိများအနေဖြင့် မိမိတို့၏ တာဝန်များကို လူ့ကျင့်ဝတ်နှင့်အညီ ပွင့်လင်းရိုးသားစွာ လုပ်ဆောင်သွားကြစေရန် ဆက်သွယ်ဆောင်ရွက်မှုလိုင်းတစ်ခု ဖန်တီးပေးခြင်း။

လက်တွေ့ကျသော လမ်းညွှန်ချက်များ

(၁)။ ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိသည့် စီမံအုပ်ချုပ်သူများသည် အုပ်စုညွှန်ကြားရေးမှူးများနှင့်အတူ မိမိတို့လက်အောက်ရှိ ဝန်ထမ်းများနှင့် အရာရှိများအား ကိုယ်ကျင့်တရားနှင့် ပွင့်

(၁)။ မှန်ကန်သောရယူခြင်း လုပ်ထုံးလုပ်နည်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်သွားပြီး၊ စိစစ်အတည်ပြုနိုင်သော နည်းလမ်းများကို ပွင့်လင်းစွာ ဖော်ထုတ်သွားခြင်း။

(၂)။ အစိုးရ၏ စီမံခန့်ခွဲအုပ်ချုပ်မှုတွင် ပိုမို ကျွမ်းကျင်၍ အကျိုးထိရောက်မှု ပိုမိုရရှိလာစေရေးအတွက် အစုရှယ်ယာဝင်များအား အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ၏ စီမံခန့်ခွဲမှုတွင် သင့်လျော်သည်ဟု ယူဆသလို ပူးပေါင်းလာဝင်လာစေမည့် အခွင့်လမ်းကို ဖန်တီးပေးခြင်း။

(၃)။ တိုင်ကြားမှုကို စီမံခန့်ခွဲသည့် နည်းစနစ်တစ်ခု ထူထောင်ပေးပြီး တိုင်ကြားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်သူများထံ ရှင်းလင်းစွာ ထုတ်ဖော်ကြေညာခြင်း။

၂။ ဝန်ခံချက်ပေးရန် အဆင်သင့်ဖြစ်ခြင်း - အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ရှိ စီမံခန့်ခွဲအုပ်ချုပ်သူများနှင့် ဝန်ထမ်းများ၊ အရာရှိများသည် မိမိတို့၏ တာဝန်များကို အမှန်တကယ် အကျိုးသက်ရောက်မှုရှိစွာ လုပ်ဆောင်သွားရန် စိတ်ပိုင်းဖြတ်ထားကြ၍ ဖြစ်ပေါ်လာသည့် ရလဒ်များအပေါ် တာဝန်ရှိကြပါသည်။

လက်တွေ့ကျသော လမ်းညွှန်ချက်များ

(၁)။ အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ၏ စီမံခန့်ခွဲအုပ်ချုပ်သူများသည် မိမိတို့၏ တာဝန်များကို လုံ့လဝီရိယရှိစွာ ကြိုးစားဆောင်ရွက်လုပ်ဆောင် သွားကြခြင်း။ ယင်းနှင့်ပက်သက်၍ စံနမူနာများဖြစ်အောင် ပြသနိုင်ခြင်း၊ ဤအတွက် အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) အနေဖြင့် မိမိတို့၏ အနာဂတ်မျှော်မှန်းချက်ဖြစ်သော " ဘုရင်မင်းမြတ်၏ သွန်သင် ပြသမှုကို လိုက်နာကျင့်သုံးသည့် နိုင်ငံတကာ စံနှုန်းပြည့်မီ ထိုင်းပညာရေးစနစ်တစ်ခု" ကို ရရှိရန်မှာ မည်သည့်အဆင့်တွင် မဆိုရှိသည့် ပြည်သူ့ဝန်ထမ်း၊ အရာရှိများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု လိုအပ်ပါသည်၊

(၂)။ မှန်ကန်မှုရှိ၍ ရိုးသားဖြောင့်မတ်သော စီမံခန့်ခွဲအုပ်ချုပ်မှုကို ထောက်ကူမြှင့်တင်ပေးသည့် မူဝါဒများကို ချမှတ်ခြင်း။

၃။ လုပ်ငန်းခွင်အတွင်း အကျင့်ပျက်ခြစားမှုဘေးမှ ကင်းဝေးခြင်း။ အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) အတွင်းရှိ ပြည်သူ့ဝန်ထမ်းများ၊ အရာရှိများအား ကိုယ်ကျင့်တရားနှင့်ဆိုင်သော အသိတရားနှင့် အကျင့်ပျက်ခြစားမှုကို ပယ်ဖျက်လိုသောစိတ်များရှိစေရန် အားပေးတိုက်တွန်းခြင်း။

လက်တွေ့ကျသော လမ်းညွှန်ချက်များ

(၁)။ အမှတ် (၁) တာ့ပ်ခရိုင် အခြေခံပညာရေးဆိုင်ရာ ဝန်ဆောင်မှုနယ်မြေ (TAK PESAO 1) ရှိ ပြည်သူ့ဝန်ထမ်းများ၊ အရာရှိများအနေဖြင့် မိမိတို့၏ တာဝန်များကို ရိုးသားပွင့်လင်း၍ ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်သွားနိုင်ကြစေရန်၊ ကိုယ်ကျင့်တရားဆိုင်ရာ အသိတရားများကို ထည့်သွင်းပေးခြင်း။

(၂)။ တရားမဝင်သော၊ အငြင်းပွားစရာများရှိသော အကျိုးအမြတ်များကို ရယူလက်ခံခြင်းမှ ကာကွယ်ရန်အတွက် တန်ဖိုးရှိသောပစ္စည်းများနှင့် အခြားအကျိုးအမြတ်ကိုရယူခြင်း၊ ပေးခြင်းတို့နှင့်သက်ဆိုင်သော လမ်းညွှန်ချက်များကို ချမှတ်ခြင်း။